# နအဖ ဝန်ကြီးချုပ် ဂျပန်နိုင်ငံသို့ လာရောက်မည့်ကိစ္စအား ဆန္ဒပြလျက်ရှိ

၂၀၀၉နိုဝင်ဘာလ၅ရက်။ ။



ယနေ့မွန်းလွဲ ၃နာရီမှ၄နာရီတွင်ဂျပန်နိုင်ငံတိုကျိုမြို့ လွှတ်တော်အမှတ်(၂)အဆောက်အဦးရှေ့မျက်နှာစာတွင် ဂျပန်နိုင်ငံရောက်မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် (လွတ်မြောက်နယ်မြေ) ဂျပန်ဌာနခွဲမှပူးပေါင်းပါဝင်ဆန္ဒပြခဲ့ကြပါသည်။ နအဖစစ်အစိုးရ၏ဝန်ကြီးချုပ်ဂျပန်နိုင်ငံလာရောက်မည့် ကိစ္စကိုကန့်ကွက်ရန် နှင့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံတွင်ပြုလုပ်မည့် ရွေး ကောက် ပွဲအား ဂျပန်နိုင်ငံအစိုးရမှအသိအမှတ် မပြုရေးကို တောင်းဆိုရန် ရည်ရွယ်၍ ဆန္ဒပြခြင်း ဖြစ်ကြောင်း သိရှိရပါသည်။



နိုဝင်ဘာလ၆ရက်နှင့်၇ရက်တို့ တွင်လည်း မွန်းလွဲ ၂နာရီမှ ၄နာရီအထိအဆိုပါနေရာတွင် ဆက်လက်ဆန္ဒပြ သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ယနေ့ဆန္ဒပြပွဲသို့ စုစုပေါင်းအင်အား၆၀ခန့်ပါဝင် ပူးပေါင်းခဲ့သည်ဟုသိရှိရပါသည်။

သတင်း၊ဓါတ်ပုံ စိုးအောင်ဝင်း

NLD(LA)JB သတင်းနှင့်ပြန်ကြားရေး

ဆန်နီသတင်းနှင့်ပြန်ကြားရေးတာဝန်ခံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)ဂျပန်ဌာနခွဲ**Room (303) Villapallet Bldg, 1 - 3 - 23 Nishi - Sugamo, Toshima-ku , Tokyo170 - 0001JapanTel/Fax03(5974 -1981)nldlajp@yahoo.co.jp**/http://www.nldlajpbranch.com